# တိုင်းရင်းသားအရေး အမေရိကန်အားပေးရန် ENC တိုက်တွန်း

မဇ္ဈိမသတင်းဌာန
ဇွန်လ ၁၁ ရက်၊ ၂၀၀၇ ခုနှစ်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အရေးကို အမေရိကန်ပြည်ထောင်စုမှ အားပေးထောက်ခံရန်အတွက် လွှတ်တော်အမတ်များကို အီးအဲန်စီခေါ် တိုင်းရင်းသားလူမျိုးများကောင်စီက လိုက်လံတွေ့ဆုံကာ ရှင်းလင်းတင်ပြနေကြောင်း သိရသည်။

အီးအဲန်စီ ခေါင်းဆောင်များဖြစ်သည့် ဦးဟန်ယောင်ရွှေ၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဦးဒေးဗစ်ထောတို့ အပါအဝင် အဖွဲ့ဝင် (၈) ဦးသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန်နှင့် အခြားဌာနများရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ Richard Lugar နှင့် Edward M. Kennedy တို့အပါအဝင် ဆီးနိတ်လွှတ်တော်အမတ် ၅ ဦးနှင့် Joseph Pitts အပါအဝင် ကွန်ကရက်အမတ်များကို ယခုရက်ပိုင်းအတွင်း သွားရောက် တွေ့ဆုံကာ မြန်မာတိုင်းရင်းသား လူမျိုးအရေးကို အမေရိကန်အစိုးရက အားပေးကူညီလာရန်နှင့် မြန်မာ့ဒီမိုကရေစီအရေးကို ဆက်လက်၍ ပိုမိုထောက်ခံ ပံ့ပိုးလာစေရန်အတွက် တွေ့ဆုံဆွေးနွေးလာခဲ့ကြောင်း သိရသည်။

"ကျနော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာဟာ ဒီမိုကရေစီနဲ့ စစ်အင်အားစု ကြားမှာပဲဖြစ်နေတာ မဟုတ်ဘူး။ တိုင်းရင်းသားအရေးဟာလည်း အင်မတန်မှအရေးကြီးပါတယ်။ တိုင်းရင်းသားအရေးမရှိပဲနဲ့ တိုင်းပြည်ရဲ့ ပြဿနာကို ဖြေရှင်းလို့ မရနိုင်တဲ့အတွက် တိုင်းရင်းသားအရေးကို အားပေးကူညီသင့်တယ်လို့ ကျနော်တို့ပြောခဲ့ပါတယ်။ အဓိကပြောတဲ့အကြောင်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းတဲ့နေရာမှာ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးသာလျှင် အကောင်းဆုံးဖြစ်တယ်။ အဲဒီအခါ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်။ အဲဒီအတွက် အီးအဲန်စီက ကြိုးစားပမ်းစား လုပ်နေတယ်ဆိုတာတွေကို ပြောပြခဲ့တယ်" အီးအဲန်စီ အထွေထွေအတွင်းရေးမှူး ဒေါက်တာလျန်မှုန်းဆာခေါင်းက မဇ္ဈိမကို ပြောသည်။

အီးအဲန်စီက မြန်မာပြည်တွင်းရှိ တိုင်းရင်းသားဒေသများ၌ လူသားချင်းစာနာမှုအထောက်အပံ့များကို ကူညီပေးရန်နှင့် အမေရိကန်မှ မြန်မာ့နိုင်ငံရေးပြဿနာကိုဦးဆောင်ဖြေရှင်းရန်အတွက် တရုတ်နှင့်အိန္ဒိယအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများကိုချဉ်းကပ်တွေ့ဆုံပြီး ကမ္ဘာ့ကုလသမဂ္ဂ၏နည်းလမ်းများကို အသုံးချကာ ဆက်လက်ဖိအားပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဒေါက်တာလျန်မှုန်းဆာခေါင်းက "တုန့်ပြန်မှုက တော်တော်ကောင်းပါတယ်။ သူတို့တော်တော် နားလည်တယ်။ ဘာလို့လဲဆိုတော့ သူတို့တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ တိုးတက်လာတဲ့အပေါ်မှာ တိုင်းရင်းသားအရေးဟာလည်း အရေးကြီးတယ်ဆိုတာ ကျနော်တို့ပြောတာတွေကို လှိုက်လှိုက်လှဲလှဲလက်ခံတယ်။ သူတို့နားထောင်ပါတယ်"ဟုပြောသည်။

အီးအဲန်စီသည် ယခုခရီးစဉ်အတွင်း ကုလသမဂ္ဂထိပ်တန်းအရာရှိများနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သလို၊ ဂျပန်နှင့်အာဆီယံနိုင်ငံများသို့လို့ သွားရောက်စည်းရုံးသွားမည်ဟု သိရသည်။

အီးအဲန်စီခေါ် တိုင်းရင်းသားလူမျိုးများကောင်စီကို တိုင်းရင်းသားလူမျိုးများအကြား သွေးစည်းခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပြီး၊ စစ်အစိုးရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးများအကြား သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။